# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

September 30, 2024 | Volume 82, Number 20


**၃၀.၉.၂၀၂၄**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၅၂.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၄၀.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၁၇.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၅၄.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၉.၄၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၀၆၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၀.၂၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၀၉.၄၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၅.၂၄၈ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၃၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ဆားကြမ်း ထုတ်လုပ်ရေးလုပ်ငန်းများ၌ အလုပ်သမားရှားပါးမှုနှင့် ကြုံတွေ့နေရ



ယခုနှစ် ဆားရာသီအတွက် ဆားကြမ်းထုတ်လုပ်ရေးလုပ်ငန်းများ၌ အလုပ်သမားရှားပါးမှုနှင့် ကြုံတွေ့နေရကြောင်း သံဖြူဇရပ်မြို့နယ်အတွင်းရှိ ဆားတောင်သူများ၏ ပြောကြားချက်များအရ သိရသည်။

ပုံမှန်အားဖြင့် စက်တင်ဘာလအတွင်း ဆားကြမ်းထုတ်လုပ်နိုင်ရန်အတွက် ဆားကွင်းများ ပြုပြင်ခြင်းကို လုပ်ဆောင်နေရပြီးဖြစ်သော်လည်း မိုးဆက်လက်ရွာသွန်းနေမှုများကြောင့် ဆားကွင်းပြုပြင်သည့် လုပ်ငန်းများ လုပ်ဆောင်နိုင်ခြင်းမရှိသေးကြောင်း သံဖြူဇရပ်မြို့နယ်ကရုပ္ပိကျေးရွာမှ ဆားတောင်သူတစ်ဦးက ပြောကြားသည်။

၎င်းကဆက်လက်ပြီး “မိုးကမပြတ်သေးတော့ ဆားကွင်းတွေထဲ မဆင်းနိုင်ကြသေးဘူး။ ဒီနှစ်အတွက် အလုပ်သမား ရှာမရကြဘူး။ ဆားတောင်သူအတော်များများလည်း အလုပ်သမားတွေကို ရှာနေကြတုန်းပါပဲ” ဟု ပြောကြားသည်။

နေလှန်းဆားကြမ်း ထုတ်လုပ်နိုင်ရန်အတွင် ဆားကွင်းအား ကန်သင်းရိုးပြုပြင်ခြင်း၊ ရေဝင်ရေထွက်လမ်းကြောင်းများ ပြုပြင်ခြင်း စသည့်အလုပ်များနှင့် ဆားထမ်းသည့် အလုပ်အတွက် အမျိုးသားအလုပ်သမားများလိုအပ်ပြီး၊ အမျိုးသမီးအလုပ်သမားများ

အနေဖြင့် ဆားကွင်းများညီညာစေရန်ဒလိမ့်လှိမ့်ခြင်း၊ ဆားတောင်းရွက်ခြင်းစသည့် အလုပ်များ လုပ်ဆောင်ကြရကြောင်း ၎င်းတောင်သူက ဆိုသည်။

ယမန်နှစ် ဆားကြိမ်းထုတ်လုပ်သည့် လုပ်ငန်းများအတွက် နေ့စားအလုပ်သမားတစ်ဦးလျှင် အမျိုးသား ၈၀၀၀ ကျပ်၊ အမျိုးသမီး ၆၀၀၀ ကျပ်နှုန်းရှိခဲ့ပြီး ယခုဆားရာသီတွင် အလုပ်သမားခများ တိုးမြှင့်ပေးရမည့် အခြေအနေမျိုးဖြစ်နေကြောင်းလည်း ဆားတောင်သူများက ဆိုကြသည်။

"ဆားကွင်းတွေမှာက အလုပ်သမားခအနေနဲ့ ယောကျ်ားဆိုရင် ၈၀၀၀ ကျပ်၊ အမျိုးသမီးဆိုရင်တော့ ၆၀၀၀ ကျပ်မျိုး နေ့စားခအနေနဲ့ ရှင်းပါတယ်။ ဒီနှစ်က တိုးပေးရမဲ့ အခြေအနေမျိုးရှိပေမဲ့ ဆားကြိမ်းဈေးနှုန်းတွေလည်း မကောင်းတော့ အကုန်အခက်တွေ့နေကြတယ်" ဟု သံဖြူဇရပ်မြို့နယ် ပင်ကျေးရွာမှ ဆားတောင်သူတစ်ဦးက ပြောကြားသည်။

ထို့ပြင် စက်သုံးဆီဈေးနှုန်း ကြီးမြင့်နေမှုကြောင့်လည်း ဆားကြိမ်းထုတ်လုပ်မှုကုန်ကျစရိတ်မြင့်တက်လာနိုင်ကြောင်းလည်း ၎င်းဆားတောင်သူက ဆက်လက်ပြောကြားသည်။

မွန်ပြည်နယ်အတွင်း နေလှမ်းဆားထုတ်လုပ်မှုလုပ်ငန်းများအား မိုးရာသီအကုန် စက်တင်ဘာလလယ်ခန့်တွင် စတင် လုပ်ကိုင်ကြပြီး၊ ဒီဇင်ဘာလနှင့် ဇန်နဝါရီများတွင် ဆားကြိမ်းစတင် ထုတ်လုပ်ကြလေ့ရှိကြောင်း ဆားတောင်သူများထံမှ သိရသည်။

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ပင်ကျေးရွာတွင် ဆားကွင်းဧကပေါင်း ၂၉၀၀ ခန့်ရှိပြီး၊ ရာသီဥတု မဖောက်ပါက ပုံမှန်အားဖြင့် ဆားပိဿာချိန် သိန်း ၃၀၀ ခန့်ထွက်ရှိကြောင်း၊ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်အတွင်း ပင်ကျေးရွာအပြင် ကျိုက္ခမီ၊ စက်စဲနှင့် ဝဲကလောင်းကျေးရွာတို့တွင်လည်း ဆားလုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြောင်း၊ ထို့ပြင် ရေးမြို့နယ်နှင့် ပေါင်မြို့နယ်များတွင်လည်းနေလှမ်းဆားလုပ်ငန်းများရှိကြောင်း သိရသည်။

**Source :** https://news-eleven.com/

## ဒေါ်လာဈေးကျဆင်းမှုနှင့်အတူ ပြည်တွင်းသုံးစွဲမှု ကျဆင်းလာသောကြောင့် ဂျုံဈေးကျဆင်းလာ



စက်တင်ဘာလကုန်ပိုင်းရက်များတွင် နိုင်ငံခြားငွေဈေးနှုန်း ကျဆင်းမှုနှင့်အတူ ပြည်တွင်းသုံးစွဲမှုလည်း ကျဆင်းလာသောကြောင့် မန္တလေးဈေးကွက်တွင် ဂျုံဈေး ကျဆင်းလာကြောင်း ကုန်သည်များထံက သိရသည်။

ပြည်တွင်းဂျုံပေါက်ဈေးမှာ ဩဂုတ်လကုန်ပိုင်းရက်များက ဂျုံစေ့ ပိဿာ ၆၀ တစ်အိတ်လျှင် ကျပ် ၂၃၀၀၀၀ ထိ ပေါက်ဈေးရှိခဲ့ရာမှ စက်တင်ဘာ ၂၈ ရက်တွင် ပိဿာ ၆၀ တစ်အိတ်လျှင် ကျပ် ၂၁၀,၀၀၀ သာ ပေါက်ဈေးရှိတော့ရာ တစ်အိတ်လျှင် ကျပ် ၂၀,၀၀၀ ခန့် ဈေးကျဆင်းသွားခြင်း ဖြစ်သည်။

လက်ရှိမှာ နိုင်ငံခြားငွေဈေး ကျဆင်းခြင်းနှင့် နိုင်ငံခြားဂျုံဈေးများလည်း ကျဆင်းနေကြောင်း၊ ပြည်တွင်းမှာလည်း ဂျုံသုံးစွဲမှု လျော့ကျနေခြင်း၊ လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် ပြည်တွင်းမှာ ဂျုံတင်ပို့မှု တန်ဆာခများ ဈေးမြင့်တက်နေသဖြင့် အဝေးသို့ တင်ပို့ရောင်းချနိုင်ခြင်း မရှိခြင်းများကြောင့် တစ်လအတွင်း ဂျုံဈေး တစ်အိတ်လျှင် ကျပ် ၂၀,၀၀၀ ခန့် ဈေးကျဆင်းသွားခြင်းဖြစ်ကြောင်း မန္တလေးမြို့ရှိ စက်ရုံပိုင်ရှင်တစ်ဦးက ပြောသည်။

" နိုင်ငံခြားငွေဈေးကျတော့ ပြည်ပဂျုံဈေးလည်း ကျဆင်းပါတယ်။ ပြည်တွင်းမှာလည်း ဂျုံသုံးစွဲမှုက လျော့ကျပြီး အဝယ်အေးနေတာပါ။ အဓိက လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုများရှိတော့ ဒေသအစုံကို ဂျုံတင်ပို့ နိုင်ခြင်းမရှိသေးပါဘူး။ တင်ပို့ရင်လည်း ကားလေးတွေနဲ့ဂျုံတစ်အိတ်ဈေးလောက်ကို တန်ဆာခပေးရတော့ စားသုံးသူလည်းဈေးကြီး ကုန်သည်တွေလည်း အဆင်မပြေတဲ့ အခြေအနေပါ "ဟု ၎င်းကပြောသည်။

စက်တင်ဘာ ၂၈ ရက် မန္တလေးဈေးကွက်တွင် ဂျုံစေ့ (တောင်ဘက်၊ ငါန်းဇွန်၊ မြို့သာ) ပိဿာ ၆၀ တစ်အိတ်လျှင် ကျပ် ၂၀၀,၀၀၀-၂၁၀,၀၀၀၊ ဂျုံစေ့ (မုံရွာ၊ ဘုတလင်) ပိဿာ ၆၀ တစ်အိတ်လျှင် ကျပ် ၂၀၀,၀၀၀-၂၁၀,၀၀၀၊ ဂျုံစေ့(စစ်ကိုင်း၊ ဘုတလင်၊ရွှေဘို) ပိဿာ ၆၀ တစ်အိတ်လျှင် ကျပ် ၂၀၀,၀၀၀ -၂၁၀,၀၀၀၊ ဂျုံစေ့(မြင်းမူ၊ မြောင်) ပိဿာ ၆၀ တစ်အိတ်လျှင် ကျပ် ၂၀၀,၀၀၀ -၂၁၀,၀၀၀၊ ဂျုံစေ့ (ရှမ်း) ပိဿာ ၆၀ တစ်အိတ်လျှင် ကျပ် ၁၈၅,၀၀၀ -၁၉၅,၀၀၀၊ ဂျုံစေ့(အထွက်တိုး) ပိဿာ ၆၀ တစ်အိတ်လျှင် ကျပ် ၁၈၀,၀၀၀ -၁၈၂,၀၀၀၊ ဂျုံစေ့ (ပန်ဆိုင်း၊ ကြူကုတ် ) ပိဿာ ၆၀ တစ်အိတ်လျှင် ကျပ် ၁၈၀,၀၀၀၊ ဂျုံ (AUS) တစ်ပိဿာ ကျပ် ၃၇၀၀၊ ဂျုံဖွဲ တစ်ပိဿာ ကျပ် ၁၂၀၀ အသီးသီးပေါက်ဈေးရှိနေသည်။

ဂျုံသီးနှံကို ဆောင်းရာသီစိုက် သီးနှံအဖြစ် မကြာမီ စစ်ကိုင်း၊ မုံရွာ၊ မြင်းမူ၊ ရွှေဘို၊ ဆားတောင်၊ ဘုတလင်၊ ကလေး၊ ငါန်းဇွန်၊ မြို့သာ၊ သဲတော-ဝမ်းတွင်းဒေသများတွင် အများဆုံး စိုက်ပျိုးကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ရေဘေးကြောင့် ဆန်ပြတ်လပ်မှု မရှိနိုင်ဟု MRF ပြော

ရာဂိမုန်တိုင်းကြောင့် ရေဘေးသင့်ခဲ့မှုအတွက် စပါးစိုက်ဧက ထောင်နဲ့ချီ နစ်မြုပ်ပျက်စီးခဲ့ပေမဲ့ ပြည်တွင်းဆန်လက်ကျန် လုံလုံလောက်လောက်ရှိတာကြောင့် စိုးရိမ်စရာမလိုကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) က ထုတ်ပြောပါတယ်။

မုန်တိုင်းနောက်ဆက်တွဲ ရေကြီးရေလျှံမှုကြောင့် စပါးစိုက်ဧက ၅၀၀၀ နီးပါး ထိခိုက်မှုတွေ ဖြစ်ပေါ်ခဲ့ပြီး ဆန်စက်နဲ့ ဆန်သိုလှောင်ရုံအချို့ကိုလည်း ရေဝင်ရောက်ခဲ့ပါတယ်။

“ ပြန်စိုက်ဖို့ စဉ်းစားရမှာပေါ့။ စပါးမီရင်လည်း စပါးစိုက်မယ်။ မမီရင်လည်း အခြားသီးနှံပြန်စိုက်ဖို့ စဉ်းစားရမှာပေါ့။ ကျန်တဲ့နေရာတွေမှာတော့ ၃၊ ၄ ရက်လောက်ပဲရေလွှမ်းတာဆိုတော့ကြီးကြီးမားမားသက်ရောက်မှုတော့မရှိနိုင်ဘူးလို့ ယူဆပါတယ် ”လို့ MRF တာဝန်ရှိသူက အင်တာဗျူးတစ်ခုမှာ ဖြေကြားပါတယ်။

လက်ရှိ ပြည်တွင်းမှာ ဆန်စပါးလုံလောက်စွာရှိပြီး ဆန်စပါးလက်ကျန် တန်ချိန် ၄ သန်းခန့်ရှိတာကြောင့် ပြည်သူတွေအနေနဲ့ ရေကြီးရေလျှံမှုကြောင့် ဆန်စပါးပြတ်လပ်သွားမှာကို စိုးရိမ်ဖို့မလိုကြောင်း ၎င်းက ဆိုပါတယ်။

အခု မိုးစပါးပေါ်တဲ့ အချိန်ထိ ကောင်းကောင်းလုံလောက်တယ်။ ဒါပေမဲ့ စပါးပေါ်မဲ့ အချိန် အောက်တိုဘာ၊နိုဝင်ဘာမှာ ရာသီဥတု ဘာတွေထပ်ဖြစ်လာနိုင်လဲဆိုတာတော့ စောင့်ကြည့်ရမှာပေါ့လို့ MRF တာဝန်ရှိသူက အသိပေးထားပါတယ်။

အသင်းချုပ်အနေနဲ့ ထိခိုက်ခဲ့တဲ့ စိုက်ဧက ၅၀၀၀ နီးပါးအတွက် မျိုးစပါးနဲ့ ဓာတ်မြေဩဇာတွေ ထောက်ပံ့ပေးဖို့ စီစဉ်ထားပါတယ်။

ပြီးခဲ့သည့် ဇူလိုင်လတုန်းကလည်း မြို့ပေါင်း ၂၀ ထက်မနည်းမှာ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်ခဲ့တာကြောင့် စပါးစိုက်ဧက တစ်သိန်းကျော် ရေကြီးနစ်မြုပ်ခဲ့ပြီး ယခုအခါ စပါးအပါအဝင် အခြားသီးနှံတွေ ပြန်လည်စိုက်ပျိုးပြီးဖြစ်တယ် လို့ ပြောထားပါတယ်။ မြန်မာနိုင်ငံမှာမိုးစပါးစိုက်ဧက၁၅ သန်းခန့်ရှိခဲ့ပြီးနှစ်စဉ်စပါးထွက်ရှိမှုနှုန်းကတင်းသန်းပေါင်း(၁၀၈၈)သန်းခန့် ရှိပါတယ်။

**Source : BETV Business**

## အောက်တိုဘာလတွင် ကုန်သေတ္တာတင်ယာဉ် ၅၂ စင်း ဝင်ရောက်ဆိုက်ကပ်မည်

လာမည့် အောက်တိုဘာလတွင် ကုန်သေတ္တာတင်ယာဉ် ၅၂ စင်း ဝင်ရောက်ဆိုက်ကပ်မည်ဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ထံမှ သိရသည်။

ပြည်တွင်းသို့ ယခုနှစ်၏ ၇ လတာကာလအတွင်း ပြည်တွင်းသို့ နိုင်ငံတကာကုန်သေတ္တာတင်ယာဉ် ၄၆၄ စင်း ဝင်ရောက်ဆိုက်ကပ်ခဲ့ပြီးဖြစ်သည်။

လအလိုက် ဆိုက်ကပ်မှုအနေဖြင့် ဇန်နဝါရီလတွင် ၄၉ စင်း၊ ဖေဖော်ဝါရီလတွင် ၅၃ စင်း ၊ မတ်လတွင် ၅၅ စင်း၊ ဧပြီလတွင်

၅၀ စင်း၊ မေလတွင် ၅၂ စင်း၊ ဇွန်လတွင် ၅၀ စင်း ၊ ဇူလိုင်လတွင် ၅၀ စင်း၊ ဩဂုတ်လတွင် ၅၀ စင်း၊ စက်တင်ဘာလတွင် ၅၅ စင်း ဝင်ရောက်ဆိုက်ကပ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် ဇန်နဝါရီမှ ဒီဇင်ဘာလကုန်ထိ တစ်နှစ်တာကာလအတွင်း ရန်ကုန်ဆိပ်ကမ်းများသို့ နိုင်ငံတကာ သင်္ဘောလိုင်းများမှ ကုန်သေတ္တာတင်သင်္ဘော ၆၄၅ စင်း ဝင်ရောက်ခဲ့ကြောင်းသိရသည်။

ရန်ကုန်ဆိပ်ကမ်းဧရိယာတွင် အပြည်ပြည်ဆိုင်ရာရေယာဉ်ကြီးများ ဆိုက်ကပ်နိုင်သည့် ဆိပ်ကမ်းတံတား ၂၇ စင်း၊ ရန်ကုန်သီလဝါ အပြင်ဆိပ်ကမ်းဧရိယာတွင် ဆိပ်ကမ်းတံတား ၁၉ စင်း စုစုပေါင်း ၄၆ စင်းဖြင့် ဝန်ဆောင်မှုပေးနေခြင်းဖြစ်ကြောင်း သိရသည်။

ကုန်သွယ်မှုလုပ်ငန်းများကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ ပိုမိုဆောင်ရွက်နေပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများသို့ အပြည်ပြည်ဆိုင်ရာ ကုန်သေတ္တာတင်သင်္ဘောများ လစဉ်ပုံမှန်ဝင်ရောက်ဆိုက်ကပ်လျက်ရှိရာ ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်တွင် နိုင်ငံတကာသင်္ဘောလိုင်းများ၏ ကုန်သေတ္တာတင်သင်္ဘော ၆၄၇ စင်း ဝင်ရောက်ခဲ့သည်။

**Source: https: //www. Popularmyanmar.com**

## ထိုင်း ဘတ်ငွေဈေး၊ ဒေါ်လာဈေး လျော့ကျလာသော်လည်း မြဝတီမြို့တွင် အခြေခံစားကုန်ဈေးများ မြင့်တက်နေ

မြန်မာကျပ်ငွေနှင့် ထိုင်းဘတ်ငွေ နှစ်မျိုးလုံးဖြင့် ဝယ်ရောင်းလုပ်ကြသော မြဝတီနယ်စပ်မြို့တွင် ဘတ်ငွေဈေး၊ ဒေါ်လာဈေး လျော့ကျလာသော်လည်း အခြေခံစားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ ဈေးမြင့်နေဆဲဖြစ်ကြောင်း မြဝတီမြို့ ဒေသခံများထံမှသိရသည်။

မြဝတီမြို့ စားသုံးမှုဈေးကွက်ရပ်ဝန်းတွင် အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ စားသောက်ကုန်၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းများကို ထိုင်းနိုင်ငံဘက်မှ ဘတ်ငွေဖြင့်ဝယ်ယူပြီး မြဝတီဈေးကွက်တွင် ကျပ်ငွေဖြင့် ပြန်လည်ရောင်းချကြခြင်းဖြစ်သည်။

ယခုအခါ ထိုင်းဘတ်ငွေဈေး လျော့ကျလာပြီး ကျပ်တစ်သိန်းကို ဘတ် ၇၀၀ ဖြစ်လာသည့်တိုင် ယခင်မြန်မာငွေ ကျပ်တစ်သိန်းကို ဘတ် ၅၀၀ ထိ ဘတ်ဈေးမြင့်တက်ခဲ့စဉ်က ရောင်းချခဲ့သည့်ဈေးနှုန်းအတိုင်း ရောင်းချနေ ကြကြောင်း မြဝတီမြို့မှ ဒေသခံတစ်ဦးကပြောသည်။

“ထိုင်းဘတ်ဈေးတွေ မြင့်တက်ခဲ့စဉ် ဘတ် ၅၀၀ ကို မြန်မာကျပ်ငွေ တစ်သိန်းတုန်းက မုန်ဟင်းခါးတစ်ပွဲ အလွတ် ၂၀၀၀ ကျပ်၊ အကြော်နဲ့ ၂၅၀၀၊ ဘဲဥနဲ့ ၃၅၀၀၊ အီကြာကွေးတစ်ချောင်း ၁၀၀၀၊ နံပြားတစ်ချပ် ၁၀၀၀၊ လက်ဖက်ရည်တစ်ခွက် ၂၀၀၀၊ ခရမ်းသီးအရှည်မျိုးတစ်လုံး ၁၀၀၀၊ ခရမ်းချဉ်သီး၄ လုံး ၁၀၀၀၊ ဘဲဥတစ်လုံး ၉၀၀၊ ကြက်ဥ ၆၀၀ ဖြစ်ပြီး၊ အခုထိုင်းဘတ်ဈေးက ၇၀၀ ဘတ်ကို မြန်မာတစ်သိန်းဖြစ်သွားလည်း ဈေးနှုန်းတွေ ပြန်မကျတော့ဘူး”ဟု မြဝတီမြို့ ဒေသခံတစ်ဦးက ပြောသည်။

ထို့ပြင် ပြည်တွင်းထွက် အခြေခံစားကုန် ဆန်၊ ငရုတ်၊ ကြက်သွန်၊ အာလူး၊ ပဲမျိုးစုံတို့မှာလည်း ဒေါနတောင်ကျော် ခရီးလမ်းကြောင့်ကုန်ဈေးနှုန်းလျော့ကျလာခြင်းမရှိဘဲဆက်လက်မြင့်တက်နေဆဲဖြစ်သည်ဟုဆိုသည်။

မြဝတီ-ရန်ကုန်၊ မြဝတီ-မော်လမြိုင်ခရီးသွားများမှာလည်း ယခင်က ကျပ် ၃၀,၀၀၀ သာပေးခဲ့ရသော ခရီးသည် ယခုအခါ ၁၅၀,၀၀၀ ကျပ်၊၂၀၀,၀၀၀ ကျပ်ထိ ပေးပြီးသွားလာနေရပြီး ယခင်က နေ့ချင်းရောက်ခဲ့သော်လည်း ယခုအခါ လမ်းတွင် တစ်ညမှ သုံးညအိပ်ထိ ကြာနေကြောင်း ခရီးသွားများထံမှ သိရသည်။

မြဝတီ-ကော့ကရိတ် တောင်ကျော်လမ်းဟောင်း၊ ၁၀၁၈ လမ်း၊ ထို့ကော်ကိုးလမ်း၊ ကြက်ဥတောင်လမ်းတို့မှ သွားလာနေကြရသော်လည်း ခရီးလမ်းကြမ်းတမ်းခြင်းကြောင့် ကုန်စည်စီးဆင်းမှုနှောင့်နှေးကြန့်ကြာနေခြင်းတို့ကြောင့် ကုန်ဈေးနှုန်းများ ဆက်လက်မြင့်တက်နေခြင်း ဖြစ်သည်ဟုသိရသည်။

**Source :** https://news-eleven.com/

## ဂျပန်နိုင်ငံ၏ ရေထွက်ကုန်များ တင်သွင်းမှုကို တရုတ်နိုင်ငံမှ ပိတ်ပင်ထားမှုအား ပြန်လည်ရုပ်သိမ်းတော့မည် ဖြစ်သည့်အတွက် ဂျပန်နိုင်ငံတွင် ရေထွက်ကုန်ဈေးနှုန်းများ ပြန်လည်မြင့်တက်လာတော့မည်

ဂျပန်နိုင်ငံ၏ ရေထွက်ကုန်များကို တရုတ်နိုင်ငံမှ တင်သွင်းခွင့် ပိတ်ပင်ခဲ့ပြီးနောက် ဂျပန်ရေထွက်ကုန် လုပ်ငန်းများအနေဖြင့် အခြားသော ဈေးကွက်များသို့ ပြောင်းလဲတင်ပို့ရန် ဆောင်ရွက်လျက်ရှိနေချိန်တွင် ဂျပန်နိုင်ငံ၏ ရေထွက်ကုန်များကို တရုတ်နိုင်ငံမှ ပြန်လည်တင်သွင်းခွင့်ပြုသွားတော့မည် ဖြစ်သည့်အတွက် သံပခြုပ် ကဲ့သို့သော ကုန်စည်များ၏ ဈေးနှုန်းများ ပြန်လည်မြင့်တက်လာခဲ့ကြောင်း ဖော်ပြခဲ့ပါသည်။

အဆိုပါ သတင်းတွင် ၂၀၂၂ ခုနှစ်၌ ဂျပန်နိုင်ငံမှ ရေထွက်ကုန်များကို အများဆုံး ဝယ်ယူခဲ့သည့် နိုင်ငံမှာ တရုတ် နိုင်ငံဖြစ်ကြောင်း၊ ၂၀၂၃ခုနှစ်ဩဂုတ်လတွင် ဖူကူရှီးမား နျူကလီးယား ဓာတ်အားပေးစက်ရုံမှ သန့်စင်ပြီး ရေများကို ပင်လယ်ထဲသို့ စွန့်ပစ်ခဲ့ပြီးနောက် တရုတ်နိုင်ငံအနေဖြင့် ဂျပန်နိုင်ငံမှ ရေထွက်ကုန်များ အားလုံးကို တင်သွင်းခွင့် ပိတ်ပင်ခဲ့ကြောင်း၊ ထိုသို့ ပိတ်ပင်ခဲ့ပြီးနောက် ဂုံးဈေးနှုန်းမှာ ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း၊ Miyagi ပြည်နယ်တွင် Abalone ခရု ဈေးနှုန်းမှာ ၃၀ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ Miyazaki ပြည်နယ်တွင် ဂျပန် Yellowtail ငါးများ၏ ဈေးနှုန်းမှာ ၃၅ ရာခိုင်နှုန်း အထိ ကျဆင်းခဲ့ကြောင်း ဖော်ပြထားသည်။

ဂျပန်အစိုးရအနေဖြင့် ဂုံးနှင့် Sea Cucumbers များ ဝယ်ယူထိန်းသိမ်းနိုင်ရေး အပါအဝင် ရေလုပ်ငန်းကဏ္ဍအတွက် ယန်း ၁၀၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၆၉၈ သန်း) ပံ့ပိုးပေးခဲ့ကြောင်း၊ ပြည်ပနိုင်ငံများသို့ ဈေးကွက်ဖြန့်ကျက်နိုင်ရေး ဆောင်ရွက်မှု မှာလည်း ကောင်းမွန်လာလျက်ရှိကြောင်း၊ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဇွန်လ လဝက် အထိ ဂုံးတင်ပို့မှုမှ ယန်း ၂၄ ဒသမ ၁ ဘီလီယံယန်းရရှိခဲ့ကြောင်းနှင့် စုစုပေါင်းတင်ပို့မှုပမာဏမှာ ၃၇ ရာခိုင်နှုန်း ကျဆင်းခဲ့သော်လည်း အမေရိကန်နိုင်ငံသို့ တင်ပို့မှုမှာ ၆၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး၊ ကနေဒါနိုင်ငံသို့ တင်ပို့မှုမှာ ၇ ဆကျော် မြင့်တက်ခဲ့ကြောင်း၊ ဥရောပနှင့် အရှေ့အလယ်ပိုင်းဒေသ များမှ ဝယ်လိုအားလည်း များပြားလာလျက်ရှိကြောင်း ဖော်ပြထားသည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလလယ်တွင် တိုကျိုရှိ Toyosu Market တွင် အေးခဲဂုံးများ၏ လက်ကားဈေးမှာ ၁ ကီလိုဂရမ်လျှင် ၃၆၀၀ ယန်းမှ ၃၇၀၀ ယန်း အကြားရှိကြောင်းနှင့် အဆိုပါ ဈေးနှုန်းမှာ တရုတ်နိုင်ငံမှ ဂျပန်နိုင်ငံ၏ ရေထွက်ကုန်များကို တင်သွင်းခွင့် မပိတ်ပင်မီက ရှိခဲ့သည့် ဈေးနှုန်းထက်ပင် အနည်းငယ်များပြားလျက်ရှိကြောင်း ဖော်ပြထားသည်။

ဖူကူရှီးမား နျူကလီးယား ဓာတ်အားပေးစက်ရုံမှ သန့်စင်ပြီး ရေများကို ပင်လယ်ထဲသို့ စွန့်ပစ်ခဲ့မှုနှင့်စပ်လျဉ်း၍ ဂျပန်နှင့် တရုတ်အကြား မကြာသေးမီက သဘောတူညီမှုရရှိခဲ့ပြီးနောက် အဆိုပါ သဘောတူညီမှု၏ တစ်စိတ်တစ်ဒေသအနေဖြင့် ဂျပန်နိုင်ငံမှ ရေထွက်ကုန်များကိုတရုတ်နိုင်ငံအနေဖြင့် တစ်ဖြည်းဖြည်း ပြန်လည်တင်သွင်းခွင့်ပြုတော့မည်ဟု မျှော်လင့်ထားကြောင်း ဖော်ပြထားသည်။

ဂျပန်နိုင်ငံအနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် ရေထွက်ကုန်များ တင်ပို့မှုမှ ယန်း ၁ ဒသမ ၂ ထရီလီယံ အထိ ဝင်ငွေရရှိရန် မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ သို့သော် ငါးနှင့်ရေထွက်ပစ္စည်းများအတွက် အစာဈေးနှုန်းများ မြင့်တက်လျက်ရှိသည့် အတွက် ထုတ်လုပ်နိုင်မှုမှာ တန့်လျက်ရှိကြောင်းနှင့် ၂၀၂၃ ခုနှစ်တွင် ဂျပန်နိုင်ငံ၏ ရေထွက်ကုန်စုစုပေါင်း ထုတ်လုပ်နိုင်မှုမှာ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး၊ ၃ ဒသမ ၇၂ သန်းတန် ရှိခဲ့ကြောင်း ဖော်ပြထားသည်။

**( စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ တိုကျိုမြို့)**

**Source: The Nikkei Asia**

https://myantrade.gov.mm/

## အိန္ဒိယနှင့် မြန်မာတို့သည် ပြည်တွင်းသုံးငွေများဖြင့် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေး နည်းလမ်းများကိုဆွေးနွေးခဲ့

အိန္ဒိယနှင့် မြန်မာတို့သည် ပြည်တွင်းသုံးငွေဖြစ်သော ရူပီးနှင့်ကျပ်တို့မှတစ်ဆင့် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေး နည်းလမ်းများကို စက်တင်ဘာလ ၂၁ ရက်တွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပသော ၁၂ ကြိမ်မြောက် အရှေ့တောင်အာရှ ထိပ်သီးစီးပွားရေးဝန်ကြီးများ အစည်းအဝေးပြင်ပ၌ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး Piyush Goyal နှင့် မြန်မာရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားရေးဆက်ဆံရေးဝန်ကြီး တို့တွေ့ဆုံစဉ် ယခုကဲ့သို့ ဆွေးနွေးခဲ့ကြောင်းသိရသည်။

ပဲအမျိုးမျိုး၊ ဒီဇယ်၊ ဓာတ်ဆီ၊ လျှပ်စစ်ကား အစရှိသော နယ်ပယ်များမှ အလားအလာရှိသော ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးခဲ့ပြီး ရူပီး-ကျပ် ငွေယန္တရားမှတစ်ဆင့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်ရေးနည်းလမ်းများကို ဆွေးနွေးခဲ့ကြောင်း Goyal က ဆိုရှယ်မီဒီယာပလက်ဖောင်း X တွင် ရေးသားခဲ့သည်။ အိန္ဒိယ-မြန်မာနှစ်နိုင်ငံကုန်သွယ်မှုသည် ၂၀၂၃-၂၀၂၄ ခုနှစ် အတွင်း ကန်ဒေါ်လာ ၁ ဒသမ ၇၅ ဘီလီယံ ရှိခဲ့သည်။ ထိုကဲ့သို့ ပြည်တွင်းသုံးငွေကြေးဖြင့် ရောင်းဝယ်ခြင်းသည် ငွေကြေး အား နှစ်ဆပြောင်းရန် လိုအပ်မှုကို ဖယ်ရှားခြင်းဖြင့် ကုန်ကျစရိတ်ကို လျှော့ချနိုင်မည်ဖြစ်သည်။ အိန္ဒိယ၏ မြန်မာနိုင်ငံသို့ တင်ပို့မှုမှာ ယခင်နှစ်တွင် ကန်ဒေါ်လာ ၈၀၇ သန်းမှ ၂၀၂၃-၂၀၂၄ တွင် ကန်ဒေါ်လာ ၆၇၀ ဒသမ ၄ သန်းသို့ ကျဆင်းသွားခဲ့သည်။ သို့သော် လည်း သွင်းကုန်ပမာဏသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကန်ဒေါ်လာ ၉၅၄ ဒသမ ၇၄သန်းမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ၁ ဒသမ ၀၇ဘီလီယံအထိ တိုးမြင့်လာခဲ့သည်။အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံမှ ပဲစင်းငုံနှင့်ယူရဒ်ကဲ့သို့သော ပဲမျိုးစုံကို ပြည်တွင်း ဝယ်လိုအား ဖြည့်ဆည်းပေးရန် ဝယ်ယူတင်သွင်းလျက်ရှိသည်။

ဧပြီလတွင် အိန္ဒိယအစိုးရက မြန်မာနိုင်ငံမှ ပဲမျိုးစုံတင်သွင်းသည့် ကုန်သည်များအတွက် ငွေပေးချေမှုယန္တရားအား ရိုးရှင်း လွယ်ကူစေရန် ဖြေလျှော့ပေးခဲ့သည်။ ပန်ဂျပ်အမျိုးသားဘဏ်မှတစ်ဆင့် Special Rupee Vostro Account (SRVA) ကို အသုံး ပြုရန် ရူပီး/ကျပ်ငွေ တိုက်ရိုက်ငွေပေးချေမှုစနစ်ကို အသုံးပြုရန် တင်သွင်းသူများအားတောင်းဆိုထားကြောင်း စားသုံးသူရေးရာ ဝန်ကြီးဌာနမှ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် SRVA လက်အောက်ရှိ ငွေပေးချေမှု လုပ်ငန်းစဉ်များအတွက် လမ်းညွှန်ချက်များကို ၂၀၂၄ခုနှစ် ဇန်နဝါရီလ ၂၆ ရက်တွင် ထုတ်ပြန်ခဲ့သည်။

**Source : khmertimeskh**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## တရုတ်-အာဆီယံ ကုန်စည်ပြပွဲက ပြခန်းပြသသူများအား စံချိန်တင်ဆွဲဆောင်လျက်ရှိ



တရုတ်နိုင်ငံတောင်ပိုင်း၊ ကွမ်ရှီး (ကျွမ့်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ ကျင်းပလျက်ရှိသည့် ၂၁ ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ (CAEXPO) သည် စက်တင်ဘာ ၂၈ ရက်က ပြီးဆုံးသွားပြီဖြစ်ကာ စံချိန်တင်အဖြစ် ပြခန်းပြသသူ ပေါင်း ၃,၃၀၀ ဦး ရှိခဲ့ကြောင်း သိရသည်။

အဆိုပါပြပွဲ၌ ပြခန်းပြသသူပေါင်း ၃,၃၀၀ ဦး ရှိခဲ့ကာ နန်နင်းမြို့၌ ပြုလုပ်သည့် ပင်မပြပွဲဧရိယာတွင် ပါဝင်ပြသသူပေါင်း ၂,၀၀၄ဦးရှိခဲ့ပြီး ၎င်းတို့အနက် အာဆီယံ နိုင်ငံ များမှကုမ္ပဏီပေါင်း ၇၄၀ ပါဝင်ခဲ့သည်ဟု CAEXPO အထွေထွေအတွင်းရေးမှူးရုံး၏ အထွေထွေအတွင်းရေးမှူး ဝေကျောင်းဟွေး က ပြောကြားခဲ့သည်။

မဟာဗျူဟာကျသည့် ထွန်းသစ်စ စက်မှုလုပ်ငန်းများကို မီးမောင်းထိုးပြရန်အတွက် ယခုနှစ်တွင် စတင်ထည့်သွင်းခဲ့သည့် ကဏ္ဍသစ်တွင် ဒစ်ဂျစ်တယ်နည်းပညာ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် အင်တာနက်ကွန်ရက် ချိတ်ဆက်ထားသော မော်တော်ယာဉ် စသည့် နယ်ပယ်များ၌ နောက်ဆုံးပေါ် တီထွင်ဆန်းသစ်မှုများနှင့် နည်းပညာများကို ပြသခဲ့သည်။

ယခုနှစ် ကုန်စည်ပြပွဲအတွင်း ပရောဂျက်ပေါင်း ၁၀၉ ခုအား လက်မှတ်ရေးထိုးခဲ့ကာ ယင်းတို့အနက် ၆၉ ရာခိုင်နှုန်းမှာ ကုန်ထုတ်လုပ်မှုကဏ္ဍအတွက် အဓိကထားခြင်းဖြစ်သည်။ အဆိုပါ ပရောဂျက်များထဲတွင် ဓာတုကုန်ကြမ်းပစ္စည်းသစ်များ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ စွမ်းအင်သိုလှောင်မှု၊ သံဓာတ်မပါဝင်သော သတ္တုများ၊ စက်ယန္တရားများနှင့် ကိရိယာများ စသည့် အဓိကကဏ္ဍများအပြင် ကာဗွန်ဓာတ်နည်းသော ပေါ်လီမာကုန်ကြမ်းပစ္စည်းများနှင့် နည်းပညာမြင့် တစ်ပိုင်းလျှပ်ကူးပစ္စည်း ဓာတုကုန်ကြမ်းများ အပါအဝင် ထွန်းသစ်စ စက်မှုလုပ်ငန်းများလည်း ပါဝင်ကြောင်း သိရသည်။

၂၀၀၄ ခုနှစ်တွင် စတင်ကျင်းပခဲ့သည့် CAEXPO ကုန်စည်ပြပွဲသည် အာဆီယံနိုင်ငံများမှ စီးပွားရေးလုပ်ငန်းများအနေဖြင့် တရုတ်စျေးကွက်ထဲသို့ ဝင်ရောက်နိုင်စေရန် ပလက်ဖောင်းတစ်ခုအဖြစ် တက်တက်ကြွကြွ ပေါင်းကူးချိတ်ဆက်ပေးလျက်ရှိသည်။ လာမည့် ၂၂ ကြိမ်မြောက် CAEXPO ကုန်စည်ပြပွဲအား ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၇ ရက်မှ ၂၁ ရက်အထိ ကျင်းပရန် ကနဦး စီစဉ်ထားကာ မြန်မာနိုင်ငံက ဂုဏ်ထူးဆောင်နိုင်ငံအဖြစ် ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**Source :** https://xinhuamyanmar.com/mm

## STOCK EXCHANGE (30.9.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 30th Sep. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,732 (Shares) | 13,578,450 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | -100 | -1.14% | 8,800 | 8,800 | 8,700 | 301 | 2,647,300 | 33,109,694 | 288,054 |
| MTSH | 00002 | 3,450 | +0 | +0.00% | 3,450 | 3,450 | 3,450 | 1,423 | 4,909,350 | 38,929,150 | 134,306 |
| MCB | 00003 | 9,000 | +0 | +0.00% | 9,000 | 9,000 | 9,000 | 16 | 144,000 | 10,400,986 | 93,609 |
| FPB | 00004 | 1,950 | +0 | +0.00% | 1,950 | 1,950 | 1,950 | 59 | 115,050 | 29,664,613 | 57,846 |
| TMH | 00005 | 2,950 | +0 | +0.00% | 2,950 | 2,950 | 2,950 | 100 | 295,000 | 12,823,224 | 37,829 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,700 | 1,750 | 1,700 | 821 | 1,398,850 | 19,977,223 | 34,960 |
| AMATA | 00007 | 4,500 | +0 | +0.00% | 4,500 | 4,500 | 4,500 | 550 | 2,475,000 | 10,497,598 | 47,239 |
| MAEX | 00008 | 3,450 | +0 | +0.00% | 3,450 | 3,450 | 3,450 | 462 | 1,593,900 | 23,804,946 | 82,127 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 30th Sep. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 411.40 | -1.75 | -0.42% | 412.62 | 413.15 | 411.40 | 3,732 | 13,578,450 | 8 | 775,970 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 30th Sep. 2024

| Trading Volume | Trading Value |
|---|---|
| 3,732 (Shares) | 13,578,450 (MMK) |

## Main Board

As of 1:00 pm, 30th Sep. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,732 (Shares) | 13,578,450 (MMK) |

| MYANPIX | 411.40 ▼ 1.75 |
|---|---|
| Total Volume (shares) | 3,732 |
| Total Value (MMK) | 14 mil |
| Listed Company | 8 |
| Market Cap. (MMK) | 775,970 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▼ 100 |
| MTSH | 00002 | 3,450 | ▲ 0 |
| MCB | 00003 | 9,000 | ▲ 0 |
| FPB | 00004 | 1,950 | ▲ 0 |
| TMH | 00005 | 2,950 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 4,500 | ▲ 0 |
| MAEX | 00008 | 3,450 | ▲ 0 |